# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ တရားဝင် ခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက်

(၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက် - ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက် အထိ အိန္ဒိယနိုင်ငံသို့ ပထမဆုံးတရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။

၂။ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့ လိုက်ပါခဲ့ကြသည်။ ထို့ပြင် စိုက်ပျိုးရေး၊ ဆေးဝါး၊ စွမ်းအင်၊ ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းအပါအဝင် ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များက မြန်မာ ကိုယ်စား လှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည်။

၃။ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် ၁-၆-၂၀၂၆ ရက်တွင် တွေ့ဆုံ၍ အပြန် အလှန်အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ခဲ့ ကြပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လမ်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါတီ မာမူနှင့် တွေ့ဆုံခဲ့သည်။ ယင်းမတိုင်မီ နိုင်ငံတော်သမ္မတအား အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ရှရီအာဂျစ်ဒိုဗယ်တို့က သီးခြားစီ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။

၄။ နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော်၊ မဟာဗောဓိမွေရိပ်သာ မြန်မာ ဘုန်းတော်ကြီးကျောင်းနှင့် သုဇာတာကျောင်းတော်သို့ ခရီးစဉ်အစဖြစ်သည့် ၃၀-၅-၂၀၂၆ ရက်တွင် သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့သည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိလျက်ရှိသည့်

ကိုးကွယ်ယုံကြည်မှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာဆက်နွယ်မှုများအပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို ဘာသာရေးအရ အထွတ်အမြတ်ထားရာနေရာများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များက ပိုမိုပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

၅။ နိုင်ငံတော်သမ္မတသည် ၃၁-၅-၂၀၂၄ ရက်တွင် နယူးဒေလီမြို့၌ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယစက်မှုလက်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ် (CII)တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အိန္ဒိယ စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်ကြီးများသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုခိုင်မာစေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် နိုင်ငံဒေသရှိ စွမ်းအင်နည်းပညာ သုတေသနမဟာမိတ်အဖွဲ့ (NETRA) အဆောက်အအုံသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စွမ်းအင်တီထွင်ထုတ်လုပ်မှု၊ စွမ်းအင်လေလွင့်မှုမရှိစေဘဲ ထိရောက်စွာအသုံးချမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အား အချိုးကျပေါင်းစပ်အသုံးပြုမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းစနစ် ကြံ့ခိုင်မှုရှိစေရေးတို့အပါအဝင် အဆင့်မြင့်သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့သည်။

၆။ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးမူဝါဒ"၊ "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ"နှင့်"ဒေသတွင်း ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြန်အလှန်အမှီသဟဲပြုလျက်ရှိသော ဘက်စုံလွှမ်းခြုံသည့် မူဝါဒ" များ ဆုံစည်းရာနေရာတွင် တည်ရှိကြောင်း ပြောကြားခဲ့သည်။ နှစ်ဖက်ဆွေးနွေးရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးအကူအညီများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် အရေးကြီးကြောင်း အလေးအနက်ပြောကြားခဲ့ကြသည်။ နှစ်ဖက်လုံးက ဆွေးနွေးလျက်ရှိသည့် နားလည်မှုစာချွန်လွှာများ၏ အခြေအနေကို မှတ်သားထားရှိကြောင်းနှင့် အဆိုပါနားလည်မှုစာချွန်လွှာများ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

၇။ ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပါက ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေမည်ဖြစ်ကြောင်း

အလေးအနက်ပြောကြားခဲ့သည်။ ယင်းနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တို့ကို အပြီးသတ်နိုင်ရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း နှစ်ဖက်လုံးက တူညီသောသဘောထားရှိကြသည်။

၈။ ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆု များကို လက်ရှိပေးအပ်လျက်ရှိသော ပညာသင်ဆု ၃၆ ခုမှ ပညာသင်ဆု ၁၀၀ အထိ တိုးမြှင့် ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

၉။ ရူပီး-ကျပ် ငွေပေးချေမှုစနစ်အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေရန် နှင့် တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အဆိုပါစနစ်အား ၂၀၂၄ ခုနှစ် မေလ တွင် စတင်အသုံးပြုချိန်မှစ၍ ငွေလွှဲပြောင်းမှုပမာဏတစိုက်မတ်မတ် တိုးတက်လာခဲ့ခြင်းအပေါ် ကျေနပ်အားရကြောင်း ဖော်ပြခဲ့ကြသည်။ မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု၊ ရေနံ၊ စွမ်းအင်၊ သတ္တုတွင်းကဏ္ဍများကဲ့သို့ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် နယ်ပယ်များတွင် ပိုမိုနီးကပ်သော ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိုထောက်ခံကြောင်း နှစ်ဖက်လုံးက ဖော်ပြခဲ့ကြသည်။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှု အပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ထောက်ခံကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။ မိမိတို့၏ အချုပ်အခြာအာဏာပိုင်နယ်မြေကို တစ်ဖက်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နစ်နာစေမည့် မလျော်ကန်သောဆောင်ရွက်မှုများကို တားဆီးကာကွယ်သွားရန် အရေးကြီးကြောင်း နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ကြသည်။ မြန်မာနိုင်ငံ၏နယ်မြေအား အိန္ဒိယနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေရန် အသုံးပြုခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတက ထပ်လောင်းပြောကြား ခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ခိုင်မာပြီး ယုံကြည်စိတ်ချရသော မိတ်ဖက် နိုင်ငံတစ်ခုအဖြစ် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်း စေရန် ဆောင်ရွက်သွားရန် ကတိကဝတ်ဆက်လက်ထားရှိကြောင်း ဝန်ကြီးချုပ်က အတည်ပြု ပြောကြားခဲ့သည်။

၁၁။ ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို

ထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား အပြန်အလှန် လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို အခြေခံ၍ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၁၂။ နိုင်ငံတော်သမ္မတက ၂-၆-၂၀၂၆ ရက်နှင့် ၃-၆-၂၀၂၆ ရက်တို့တွင် မဟာရက်ရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ မွမ်ဘိုင်းမြို့ ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်မည့် အစီအစဉ်သည် ရှိရင်းစွဲနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ်က ပြောကြား ခဲ့သည်။

၁၃။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲ၍ ချစ်ကြည်ရေးနှင့် နီးကပ်သောမိတ်ဖက်အဖြစ် ရပ်တည်မှုကိုလည်းကောင်း၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဘုံတူညီသော ကတိကဝတ်များထားရှိမှုကိုလည်းကောင်း ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆင့်တိုင်းတွင် နီးကပ်စွာ ဆက်လက်ထိတွေ့ဆောင်ရွက်သွားရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြသည်။

၁၄။ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်သည့်အပေါ် ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား အထူးပင်ကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား နှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။

နယူးဒေလီ

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်